# မြန်မာနိုင်ငံ

# စီးပွားရေး စောင့်ကြည့် အစီရင်ခံစာ

THE WORLD BANK GROUP

အောက်တိုဘာလ ၂၀၁၃ ခုနှစ်

## အနှစ်ချုပ်

### စီးပွားရေးတစ်ခုလုံးကိုခြုံငုံသုံးသပ်၍ ရရှိသောအလားအလာနှင့်တိုးတက်မှုများ

- ဓာတ်ငွေ့ထုတ်လုပ်မှု၊ ဂန်ဆောင်မှု၊ ဆောက်လုပ်ရေး၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် လူသုံးကုန်ပစ္စည်း နိုင်ငံခြားတင်ပို့မှု ကဏ္ဍများ အားကောင်းလာသောကြောင့် မြန်မာ့စီးပွားရေးသည် ၂၀၁၂/၁၃ တွင် ၆.၅% တိုးတက်လာပါသည်။ ယခုလက်ရှိတွင် ငွေကြေးဖောင်းပွမှု တက်နေပြီး ၂၀၁၃ ဩဂုတ်လတွင် ၇.၃% အထိရှိပါသည်။
- ၂၀၁၂/၁၃ ခုနှစ်တွင် ဘတ်ဂျက်လိုငွေမှာ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (GDP)၏ ၃.၇% အထိ လျော့ကျသွားပါသည်။ ၂၀၁၁/၁၂ တွင် ဘတ်ဂျက်လိုငွေ ၄.၆% ရှိပါသည်။ ၂၀၁၃/၁၄ ဘတ်ဂျက်တွင် လူမှုရေးကဏ္ဍများအတွက် ပိုမိုသုံးစွဲရန် ထောက်ပံ့ပေးထားပါသည်။ သို့သော် ကာကွယ်ရေးအတွက် ဘတ်ဂျက်မှာ မြင့်မားဆဲပင် ဖြစ်ပါသည်။
- နိုင်ငံခြား ငွေလဲလှယ်နှုန်းသည် နှစ်စကတည်းက တန်ဖိုးလျော့ကျလာခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၉၇၅ ကျပ်အထိ ရောက်ရှိလာပါသည်။ ပြည်တွင်းငွေဖောင်းပွခြင်း များပြားလာနေသော်လည်း မြန်မာနိုင်ငံအတွက် အမှန်တကယ်ထိရောက်သော ငွေလဲနှုန်းမှာ တန်ဖိုးကျဆင်းနေပြီး ယင်းကနိုင်ငံ၏ နိုင်ငံခြားတင်ပို့နိုင်စွမ်းကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ သို့ရာတွင် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အမှန်တကယ် ထိရောက်သော ငွေလဲနှုန်းမှာ တန်ဖိုးတက်ခဲ့ပါသည်။
- ဘဏ်တွင်စာရင်းရှင်ဖွင့်မှုလိုငွေ (current account deficit) သည် ပြည်တွင်းအသားတင်ကုန်ထုတ်မှု (GDP) ၏ ၄.၄% အထိ ၂၀၁၂/၁၃ ခုနှစ်တွင် တိုးလာပါသည်။ ၂၀၁၁/၁၂ ခုနှစ်ကရှိသော ၂.၄ % မှတိုးတက်လာခြင်းဖြစ်ပြီး ယင်းမှာ သွင်းကုန် မူဂါဒ တင်းကြပ်မှု ပျော့ပြောင်းလာခြင်းနှင့်၊ ငွေလဲလှယ်မှု ကန့်သတ်ချက် အချို့ကိုဖယ်ရှားပေးလိုက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။
- နိုင်ငံတကာ အရံ ငွေကြေးစုစုပေါင်း (gross international reserves) သည် ၂၀၁၂/၁၃ ခုနှစ်အဆုံးတွင် အမေရိကန် ဒေါ်လာ ၄.၆ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး သွင်းကုန်တန်ဖိုး (၃.၇) လစာနှင့် ညီမျှသည်။ ယင်းမှာ ၂၀၁၁/၁၂ တွင် အမေရိကန်ဒေါ်လာ ၄.၀ ဘီလီယံရှိရာမှ မြင့်တက်လာခြင်း ဖြစ်ပါသည်။
- ရှေ့သို့ချီတက်ရာတွင် စီးပွားရေးအလားအလာမှာ ရေတိုကာလနှင့် အလယ်အလတ်ကာလတို့တွင် အကောင်းဖက်တွင် ရှိနေပါသည်။ စီးပွားရေးသည် ၂၀၁၃/၁၄ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းအထိမြင့်တက်ရန်နှင့်

အလယ်အလတ်ကာလတွင် ၆.၉% အထိမြင့်တက်ရန် ရည်မှန်းထားပါသည်။ ဤသို့ မြင့်တက်ခြင်းမှာ ဓာတ်ငွေ့ထုတ်လုပ်မှု ဆက်လက် တိုးတက်နေခြင်း၊ ကုန်သွယ်မှု တိုးတက်ခြင်းနှင့် စိုက်ပျိုးရေး ကဏ္ဍ အားကောင်းလာခြင်း တို့ကြောင့် ဖြစ်သည်။

- စီးပွားရေး၏ ရှေ့အလားအလာသည် အကောင်းဖက်ကို ဦးတည်နေပြီး ယခု အရှိန်ကို ထိန်းသိမ်းထားနိုင်ရန်မှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ ပြည်ပအခြေအနေကိုကြည့်လျှင် တရုတ်ပြည်၏ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု နှေးကွေးလာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းလာခြင်းတို့ကြောင့် မြန်မာ နိုင်ငံကဲ့သို့ လူသုံးကုန် ပစ္စည်း ပြည်ပပို့သည့် နိုင်ငံများအတွက် ထိခိုက်နိုင်ပါသည်။

**မူဝါဒကိုစောင့်ကြည့်လေ့လာခြင်း**

- ပြုပြင်ပြောင်းလဲမှု အများအပြားကို မကြာမီက ဖော်ဆောင်ခဲ့ပြီး ယခု လောလောဆယ်လည်း ပြုလုပ်နေပါသည် (သို့) ဖော်ဆောင်ရန် စီမံကိန်းချနေပါသည်။ ယင်းတို့မှာ မြန်မာနိုင်ငံ၏ စီးပွားရေး ဝန်းကျင်ကို ပိုမိုကောင်းမွန်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းနေခြင်းကို ထင်ဟပ်ဖော်ပြနေပါသည်။
- ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် သွင်းကုန်နှင့်နိုင်ငံခြားပို့ကုန်များအတွက် လိုင်စင်ယူရမည့် လိုအပ်ချက်ကို ကုန်ပစ္စည်း ၆၀၀ အတွက် ဖယ်ရှားပေးခဲ့သည်။ တစ်ချိန်ထဲတွင် လွှတ်တော်က နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုအတွက် စည်းမျဉ်းအသစ်များကို အတည်ပြုပေးခဲ့ပါသည်။
- မြန်မာနိုင်ငံသည် စားသုံးသူ ကာကွယ်ရေးနှင့် ပြိုင်ဆိုင်မှုဥပဒေများကို ရေးဆွဲနေပါသည်။ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များအတိုင်း တက်ကြွစွာ ပါဝင်လုပ်ရှားရန် ပြင်ဆင်သည့် အနေဖြင့် မြန်မာနိုင်ငံသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဌာနခွဲများကို ပြန်လည် ပြုပြင် တည်ဆောက်ပြီး အရည်အသွေးမြင့်အောင် ပြုလုပ်ခဲ့သည်။
- ငွေကြေးကဏ္ဍတွင် လွှတ်တော်က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ ဗဟိုဘဏ် ဥပဒေကိုပြဌာန်းခဲ့သည်။ အဆိုပါ ဥပဒေသည် ဗဟိုဘဏ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမို ပေးအပ်ခဲ့သည်။
- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (Securities Exchange Law) ကို လည်း ပြဌာန်းခဲ့သည်။ တစ်ချိန်တည်းမှာပင် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများဥပဒေ (Financial Institutions Law) ကို ပြင်ဆင်ရန် လုပ်ငန်းများ စတင်နေသည့်အပြင် ဘဏ်လုပ်ငန်းများအပိုင်းတွင် ဖက်စပ် လုပ်ငန်းများကို ထိန်းချုပ်ရန် စည်းမျဉ်း စည်းကမ်းများကိုလည်း ပြင်ဆင်နေပါသည်။
- ပြည်တွင်းရှိ ဘဏ်များအတွင်း နိုင်ငံခြားငွေ ရောင်းဝယ်မှုများအပေါ် ကန့်သတ်ချက်များကို ဖယ်ရှားပေးခဲ့ သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြားသားများ၏ နိုင်ငံခြားငွေ ထုတ်ယူခွင့်အပေါ် ကန့်သတ်ချက်များကို လည်း ဖြေလျှော့ပေးခဲ့ပါသည်။

- နှစ်ပေါင်း ငါးဆယ် အတွင်း ပထမအကြိမ်အဖြစ် အာမခံလုပ်ငန်း လိုင်စင်များကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ချပေးခဲ့သည်။
- ဆက်သွယ်ရေးကဏ္ဍတွင် ဆက်သွယ်ရေး ဥပဒေအသစ်တစ်ခုကို မကြာမီက လွှတ်တော်က အတည်ပြုခဲ့သည်။
- သတ္တုတူးဖော်ရေးကဏ္ဍတွင် မြန်မာနိုင်ငံသည် သတ္တုတူးဖော်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ရေးဆွဲနေပြီဖြစ်ပါသည်။
- ၁၉၄၈ ခုနှစ် လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေးဥပဒေကို အစားထိုးပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေ အသစ်တစ်ခုကို ပြဋ္ဌာန်းခဲ့ပါသည်။

**အထူးအစီအစဉ်: မြန်မာနိုင်ငံ၏ ပြည်သူ့အသုံးစရိတ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှုကို အကဲဖြတ်ခြင်း။**

- ပြည်သူ့ အသုံးစရိတ်နှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှု (Public Expenditure and Financial Accountability) အကဲဖြတ် လေ့လာမှုတစ်ခုကို မကြာမီက ပြုလုပ်ပြီးစီးခဲ့သည်။ ဤအကဲဖြတ်ချက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်ပြုလုပ်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် (Public Financial Management) ကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆန်းစစ်ခြင်းပင် ဖြစ်ပါသည်။
- ပြည်သူ့ အသုံးစရိတ်နှင့် ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ်မှုတွင် လက်ရှိ ပြည်သူ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်သည် အားသာချက် အများအပြား ရှိပါသည်။ သို့သော် ပိုမို တိုးတက်အောင် ပြုပြင်ပေးနိုင်သည့် နေရာများလည်း အများအပြား ရှိပါသည်။ ယင်းမှာလည်း မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးရေး အဆင့်တွင်ရှိသော နိုင်ငံတစ်ခုအတွက် မျှော်လင့်ထားရမည် ဖြစ်ပါ သည်။
- အားသာချက်များအနေဖြင့် အစီရင်ခံစာက တွေ့ရှိရသည်မှာ လူကိုယ်တိုင်ရေးဆွဲသော လယ်ဂျာစနစ်မှာ အများအားဖြင့် နောက်ဆုံးရ အချက်အလက်ဆိုင်ရာ အရည်အသွေးမှာ အတော်အသင့်ကောင်းမွန် ပါသည်။ ထို့အပြင် ဘတ်ဂျက်ရေးဆွဲရေးနှင့် စီမံကိန်းရေးဆွဲရေး အဖွဲ့အစည်းများမှာ ကောင်းမွန်စွာ ဖွဲ့စည်းထားပြီး နိုင်ငံတော်က စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသကဲ့သို့ အထက်ပါ အဖွဲ့များကလည်း သိသိသာသာ ပြောင်းလဲမှုများ ပြုလုပ်နေကြပါသည်။ မြန်မာနိုင်ငံ တွင် ရိုးရှင်းပြီး စုစည်းထားသည့် ဘတ်ဂျက်အမျိုးအစား ခွဲခြားရေးစနစ်ရှိပြီး ယင်းသည် အမှန် တကယ် ကုန်ကျငွေများကို စနစ်တကျ သတင်းပို့ပေးနိုင်ပါသည်။
- သို့ဖြစ်သော်လည်း အစီရင်ခံစာသည် အောက်ပါ ကဏ္ဍများတွင် ပြုပြင်မှုများ ပြုလုပ်နိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

- မြန်မာနိုင်ငံသည် နှစ်လည်တွင် ပြင်ဆင်ဖြည့်စွက်သည့် ဘတ်ဂျက်များ ထုတ်ပြန်သည့် အလေ့အထ ရှိနေပါသည်။ ယင်းအလေ့အထသည် သုံးစွဲရန် လျာထားသည့် ဘတ်ဂျက်နှင့် အမှန် တကယ် သုံးစွဲခြင်းတို့ကြားတွင် သိသာသော ခြားနားချက်များ ဖြစ်ပေါ်စေပါသည်။
- ပြည်ထောင်စုဘတ်ဂျက်ကို အများပြည်သူသိရှိအောင် ပြုလုပ်ခြင်းတွင် တိုးတက်မှု ရှိလာပါသည်။ သို့သော် ဘတ်ဂျက်သည်ပင်လျှင် ပြည့်စုံမှု မရှိသေးပါ။ ဥပမာ - သတင်းပို့ခြင်းမရှိသည့် သိသာ သော အစိုးရလုပ်ဆောင်ချက်များရှိပြီး ယင်းတို့သည် ပြည့်စုံသော အစိုးရ ငွေကြေးသုံးစွဲမှုနှင့် အခွန် ကောက်ခံမှုပုံစံကို ဖော်ပြရန် ခက်ခဲစေပါသည်။ ထို့အပြင် ယမန်နှစ်က ဘတ်ဂျက်၏ ရလဒ်များ၊ မူဝါဒ ပြောင်းလဲခြင်းကြောင့် ငွေကြေးဆိုင်ရာ သက်ရောက်မှုများအတွက် ရှင်းပြချက်များ စသည် တို့သည် ပုံနှိပ်ထုတ်ဝေသော ဘတ်ဂျက်ဥပဒေတွင် မပါဝင်ကြပါ။
- လက်ရှိတွင် မြန်မာနိုင်ငံ ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲရာတွင် ငွေကြေးအရင်းအမြစ် အမြင့်ဆုံး သတ်မှတ်ချက် ဘောင်အတွင်းက ရေးဆွဲခြင်း မရှိသေးပါ။ ရလဒ်အားဖြင့် ထိရောက်သော သုံးစွဲငွေ ဦးစားပေး ရွေးချယ်မှု ရရှိရန် ခက်ခဲစေပါသည်။ ထို့ကြောင့် ဘတ်ဂျက်နှင့်ပေါ်လစီ များကြား ချိန်ညှိမှုပြုလုပ်ရန်လည်း ခက်ခဲစေပါသည်။
- အစိုးရဌာနများက ယင်းတို့တွင် ငွေကြေးအရင်းအမြစ် မည်မျှရရှိနိုင်သည်ကို အသင့်အတင့် ဒီဂရီ ဖြင့် ခန့်မှန်းနိုင်ကြပါသည်။ သို့သော် ဘတ်ဂျက်ကို ကိုင်တွယ်ရာတွင် (အထူးသဖြင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပစ္စည်းဝယ်ယူခြင်း) ဝန်ကြီးဌာနများ တစ်ခုနှင့် တစ်ခု မတူညီကြကြောင်း တွေ့ရသည်။
- ငွေကြေးသုံးစွဲမှုကို လစဉ်နှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတို့တွင် သတင်းပို့ ကြပါသည်။ သို့သော် ခေတ်မမီတော့သည့် လူကိုယ်တိုင်ပြုလုပ်ရသည့် စနစ်များကြောင့် အချိန်မီ ပြီးစီးမှု မရှိကြ သည်ကို တွေ့ရပါသည်။
- စာရင်းစစ်နှင့် ပြင်ပစစ်ဆေးကြပ်မတ်မှုအဖွဲ့ များ ဖွဲ့စည်းထားပြီး အားကောင်းအောင်လည်း ပြုလုပ်လျက်ရှိသည်။ သို့သော် ကိစ္စရပ်များကို ထပ်မံ စိစစ်လုပ်ဆောင်မှုမှာ အားနည်း လျက်ရှိကြောင်း တွေ့ ရှိရသည်။